# ကြေညာချက်

**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၃၁-၁-၂၀၂၂ ရက်စွဲပါ ကြေညာချက်အမှတ် ၁/၂၀၂၂ ဖြင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေကို ခြောက်လသက်တမ်းတိုးမြှင့်ကြောင်းကို ကြေညာထားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၆(ခ)၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာဥပဒေပုဒ်မ ၃(ခ) ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆ (ခ)တို့တွင် **နိုင်ငံတော်အတွင်း အရေးပေါ်အခြေအနေများပေါ်ပေါက်ကြောင်း ကြေညာသည့် ဒေသတွင် စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားချက်များကို ရပ်ဆိုင်းထားရမည်** ဟု ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ပါ၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၃၁-၁-၂၀၂၂ ရက်စွဲပါ ကြေညာ ချက်အမှတ် ၁/၂၀၂၂ ဖြင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေကို ခြောက်လသက်တမ်းတိုးမြှင့်ကြောင်း ကြေညာထားသည့် ကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၆(ခ)၊ စာချွန်တော် အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေပုဒ်မ ၃(ခ) ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆ (ခ) တို့အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်လျှောက်ထားချက်များကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်